# တိမ်တွေပြိုတဲ့နေ့



သူ့အမည်က မွေးကြိုင်
ကျနော်တို့နိုင်ငံရဲ့ကြယ်နီတပွင့်
ကြွေလွင့်စောစွာ..။

ရှစ်လေးလုံးနောက်ခံသမိုင်း
ပဲခူးတိုင်းအနောက်ခြမ်းဒေသ
သွေးစည်းညီညွတ်ရေးကော်မတီဖွဲ့စဉ်က
သူနဲ့ဆုံတွေ့ခဲ့ရ
အတူတူလှုပ်ရှားခဲ့ကြ
သွေးစည်းညီညွတ်ခဲ့ကြ
သူ့အမည်နဲ့သူ့ပုံရိပ်ကိုမေ့မရခဲ့..။

အုတ်ဖိုမြို့ရဲ့ရွာကလေးတရွာက
မူလတန်းပြကျောင်းဆရာ
ကျောင်းသားတော်လှန်ရေးသမား
လူပုံကအရပ်ရှည်ရှည် ပိန်ပိန်ပါးပါး
ဆံပင်တိုတို ပုဆိုးတိုတို
နှစ်လိုဖွယ်ရာကောင်းတဲ့မျက်နှာထားအောက်က
တောက်လက်အပြုံးပိုင်ရှင်...။

စစ်အာဏာရှင်ဆန့်ကျင်ရေးကျောင်းသား
လူ့ဘောင်သစ်ပါတီဝင်
ကျောင်းသားတပ်မတော်တပ်ဖွဲ့ဝင်
ရာဇဝင်မှာစာတင်ခဲ့..။

ပေါင်းလောင်းဂွင်မှာကျဆုံးသွားတဲ့
သူ့ရဲ့သတင်းကိုကြားရတဲ့အခါ
နာကျည်းချက်နဲ့တက်တချက်ခေါက်ရင်း
ရဲရင့်ခြင်းရုပ်ပုံလွှာကို
ပြန်လည်ဖွေရှာမိခဲ့ပေ့ါ...။

(ရဲဘော်မွေးကြိုင်ရေ)......
အဲဒီမြေဝသုန်မှာ
ဂုဏ်ပြုအပ်တဲ့သူရဲကောင်းတွေရဲ့
ခွပ်ဒေါင်းအသက်ဝိညာဉ်နဲ့အတူ
ပြန်လည်ရှင်သန်ထမြောက်ပါစေသတည်း...။

နီလွင်သွေး(ဒဿနိကဗေဒ)
၂၁၊၈၊၂၀၀၆..။ ရဲဘော်မွေးကြိုင်....သို့..။